# တိုးတက်ကောင်းမွန်လာတဲ့ CorelDraw Graphics X6

Corel ရဲ့ စွမ်းအားကောင်းလှတဲ့ software နောက်ဆုံး version CorelDarw Graphics Suite X6 မှာ ကောင်းမွန်လှတဲ့ feature တွေကို ကိုယ့်ရဲ့ အဓိက အစိတ်အပိုင်းဖြစ်တဲ့ CorelDraw vector graphic editor မှာ ထည့်သွင်းပေးထားပါတယ်။ အဲဒီအပြင် suite ရဲ့ raster editor ဖြစ်တဲ့ photo paint မှာလည်း သူ့ကိုယ်ပိုင် စိတ်ဝင်စားစရာ feature အသစ်တွေ ရှိနေပါတယ်။



Color style နဲ့ harmony တွေက တစ်ခါတည်းနဲ့ composition တစ်ခုလုံးကို fill နဲ့ outline color တွေ လျင်မြန်စွာ ပြောင်းလဲနိုင်စေပါတယ်။

object properties bar ၊ engine နဲ့ docker ပုံစံအသစ်တွေအပြင် တိုးတက်လာတဲ့ open type နဲ့ layout feature တွေ ပါဝင်လာပါတယ်။

version X6 မှာ object properties docker က properties ကို ရှည်လျားတဲ့ list တစ်ခုထဲမှာပဲ ဖော်ပြပြီး section တွေ ခွဲထားပေးပါတယ်။ အရင် version တွေမှာ object properties (fill ၊ outline ၊ corner radius) အစရှိတဲ့ သီးခြား tab တွေ ခွဲထားတာကြောင့် navigate လုပ်တဲ့နေရာမှာ နှေးကွေးစေပါတယ်။ Version X6 မှာတော့ tab တွေကို အပေါ်ဘက်မှာ ဆက်လက်ထားရှိပေးပါတယ်။

ဒါပေမဲ့ tab တစ်ခုကို click နှိပ်လိုက်ရင် ဒါက properties group ရှိနေတဲ့ bar ဆီကိုပဲ scroll down လုပ်သွားတာ ဖြစ်ပါတယ်။ CorelDraw X6 က အခု native 64-bit version ကို ပေးအပ်ထားပါပြီ။ သူက 64-bit Windows 7 ပေါ်မှာ တည်ငြိမ်လျင်မြန်စွာနဲ့ run နိုင်ပါတယ်။ Corel ကတော့ version အသစ်က copy ၊ paste ၊ export နဲ့ print လုပ်ဆောင်ချက်တွေကို ပိုမိုကောင်းမွန်စေဖို့ multi-core processor တွေကို ပိုမိုကောင်းမွန်စွာအသုံးချနိုင် အောင်လုပ်ဆောင်ပေးထားပါတယ်။

## New: Smart Carver

Corel Paint ရဲ့ စိတ်ဝင်စားစရာ feature အသစ်ကတော့ Smart Carver ပဲ ဖြစ်ပါတယ်။ ဒါက photo တွေထဲက မလိုအပ်တဲ့ အရာတွေကို ဖယ်ရှားပြီး သူတို့ရဲ့ aspect ratio ကို seam carving လုပ်ပြီး ညှိသွားပါတယ်။ဖယ်ရှားမယ့်အရာပေါ် paint လုပ်ပြီး smart carver ကို run လိုက်ပါ။ ပြီးသွားတဲ့အခါမှာ ကိုယ်မလိုချင်တဲ့ အရာက အဲဒီမှာရှိတော့မှာ မဟုတ်ပါဘူး။ ဒါက ညီညာမှု ရှိတဲ့ နောက်ခံပေါ်မှာ ထွက်နေတဲ့အရာတွေကိုဖယ်ရှားဖို့ အကောင်းဆုံးပါပဲ။ Smart Carver လုပ်ဆောင်ချက်ကို စမ်းသပ်လုပ်ဆောင်မှု ၂ ခုလုပ်ခဲ့ရာမှာ တစ်ခုကို ၅ မိနစ်လောက်ကြာတာကို တွေ့ရပါတယ်။ Corel Draw Graphic Suite X6 က ကောင်းမွန်တဲ့ upgrade လုပ်ထားမှုတစ်ခုပါပဲ။ Smart Carver လုပ်ဆောင်ချက်ကလွဲလို့ Corel က engine ပုံစံအသစ်၊ native 64-bit executability ၊ ပိုမိုကောင်းမွန်တဲ့ typography နဲ့ document layout စတာတွေပေါ် အာရုံစိုက်ထားတာကြောင့် feature အသစ်တွေကိုမတွေ့ဘဲ လက်ရှောင်ထားတာ တွေ့ရပါတယ်။



Corel Draw ရဲ့ SmartCarver tool က ပုံထဲက ကိုယ်မလိုတဲ့အရာကို select လုပ် ဖယ်ရှားနိုင်စေပါတယ်။ ဒီ tools က ညီညာတဲ့ နောက်ခံမှာ သီးခြားဖြစ်နေတဲ့အရာတွေကို ဖယ်ရှားဖို့ အကောင်းဆုံးပါပဲ။

Photo paint အပြင် suite ထဲမှာပါတာတွေကတော့ font တွေကို စီမံ ကိုင်တွယ်နိုင်တဲ့ Bitstream font navigator ၊ screenshot တွေကို ဖမ်းယူနိုင်ဖို့ Corel Capture ၊ digital asset တွေကို စီမံခန့်ခွဲနိုင်ဖို့ Corel Connect နဲ့ Corel Website Creator (ဒါကတော့ optional download ဖြစ်ပါတယ်)။ ဒါပေမဲ့ လူအများစုအတွက် ဒီ suite ရဲ့ အဓိက program ကတော့ CorelDraw ပါပဲ။ အခုဆိုရင် CorelDraw မှာ ပိုမိုကောင်းမွန်တဲ့

West Hero